


စိတ်ကူးချိုချိုအနုပညာ

ကျွန်မ မှားတယ်လို့
ဝန်ခံလိုက်ချင်ပါရဲ့
သို့ပေတဲ့

# ဒဂုန်ခင်ခင်လေး

# သဝဏ်လွှာ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

မယ်တင့်ကား စူးစိုက်ကြည့်ရှုလျက်ရှိ၏။

အစိမ်းလိုက် ဝါးစား၍ရလျှင် စားချင်သော လက်ဖက်

အံ့သွားကို ခဲလျက် သဲမဲစွာကြည့်ပြီးနောက်

ရင်း၏ ချွေးခံအိတ်ထဲတွင် တရိုတသေ

သိမ်းဆည်းထားသော စာရွက်ခေါက်လေးကို -

ဒဂုန်ခင်ခင်လေး

# သံဝဏ်လွှာ

dgk0009

1000.00 Ks

mgyoe.com

သဝဏ်လွှာ၊ ဒဂုန်ခင်ခင်လေး
အပြင်အဆင်-အမ်အက်စ်ဒီ၊ စာမျက်နှာ ၁၁၅ မျက်နှာ၊ ၁၃ • ၂၅ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၄၂၊ ဒဂုန်ခင်ခင်လေးစာအုပ်တိုက်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## အခန်း ၁

လောကဓာတ်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေ၏။ လောကကြီး၏ ငြိမ်သက်ခြင်းကို ကောင်းကင်ပြင်မှ ရှာန်ယာဉ်စီးလျက်ရှိသော စန္ဒာရွှေလမင်းကြီးသည် ဘော်ငွေအဆင်းကဲ့သို့ ဝင်းဝင်းတောက်လျက်ရှိသော သူ၏ရောင်ခြည်ဖြင့် ဖြန့်ဖြူးမှုန်းချယ်ကာ ကျေနပ်နှစ်သက်စွာ ရှုးစိုက်ကြည့်နေလေ၏။

နေရာဒေသကား ထားဝယ်မှ မြိတ်သို့သွားသော ကားလမ်းတစ်လျှောက် ပလောက်နှင့် ပလောမြို့ကလေးနှစ်မြို့ကြားရှိ အရှေ့ပိုင်း တနင်္သာရီရိုးမတောင်တန်း၏ တစ်စိတ်တစ်ဒေသနေရာ ဖြစ်လေ၏။ ထိုနေရာတစ်ဝိုက်ကား နက်ခေါင်မြင့်စောက်သော တောတောင်များ အလယ်တွင် အသွယ်သွယ်သော ရော်ဘာခြံများ၊ သတ္တုတွင်းများ၊ ပြောက်ကျား ပြောက်ကျားတည်ရှိကာ အနောက်ဘက်တွင် နက်ရှိုင်းလျက် တစ်ဖက်ကမ်း မမြင်သော အဏ္ဏဝါပြင်ကျယ် ပင်လယ်သမုဒ္ဒရာကြီးဖြစ်၍ အရှေ့ဘက်တွင်မူ တောင်စဉ်တောင်တန်း အထပ်ထပ်မှ ယိုးဒယားနယ်အထိ မှိုင်းမှိုင်းဝေဝေ မြူခြေယှက်သန်းနေသော ရှုမျှော်ခင်းကြီးတစ်လျှောက်သည် သာယာကြည်လင်သော လရောင်အောက်တွင် အသက်မရှိသော

mgyoe.com

mgyoe.com
အဝိညာဏက ပန်းချီကားကြီးကို ချခင်းထားဘိအလား ထူးခြားစွာ ငြိမ်ဝပ်လျက်ရှိလေသတည်း။

ထိုအချိန် ထိုကာလ၌ ယခုဝတ္ထု စတင်ပေါ်ပေါက်ရာ ဌာနကလေးမှာ ပလောမှ တောင်ပေါ်လမ်း မိုင်ငါးဆယ်ကျော်ဝေးကွာသော "ရွှေပြည်တန်" သတ္တုတွင်း နယ်နိမိတ်ဝင်းမြေအတွင်းဖြစ်လေ၏။ ရွှေပြည်တန်သတ္တုတွင်းမှာ ခဲမဖြူအကောင်းဆုံးထွက်၍ ခေတ်အလျောက် အဖိုးအနဂ္ဃထိုက်တန်လှသဖြင့် မျက်နှာဖြူနှင့် လူမျိုးခြားကုလားတရုတ်တွေ အထူးသွားရည်ယိုသည့် မြန်မာသူဌေးတစ်ဦးပိုင် သတ္တုတွင်းဖြစ်လေရာ အလုပ်မှာလည်း လွန်စွာကြီးကျယ်လျက် စက်ရုံအဆောက်အအုံနှင့်တကွ သူဌေး၊ မန်နေဂျာ၊ အင်ဂျင်နီယာ စသော အထက်တန်းစား အလုပ်သမားများက အစ မြေတူးမြေသယ် ကူလီတန်းလျားအထိ အိမ်ကြီးအိမ်ငယ် အသွယ်သွယ်တို့ဖြင့် အဆင့်အတန်းအားလျော်စွာ နေထိုင်ကြပြီး ထိုအလုပ်သမားကြီးငယ်တို့ကို မှီခိုရောင်းဝယ်စားသောက်နေကြသော ကုန်ရောင်းဈေးသည် အစားစားတို့ကြောင့်လည်း ရွှေပြည်တန်သတ္တုမိုင်းသည် တနင်္သာရီရိုးမပေါ်မှာ ရွာတစ်ရွာ၊ မြို့တစ်မြို့ကဲ့သို့ တည်တံ့စွာ ရှိနေတော့၏။

ထိုအချိန်ကား အထက်ပါအတိုင်း ခုနစ်စင်ကြယ်ပြောင် အမြီးထောင်သော ချိန်သန်းခေါင် အကာလအခါ ဖြစ်လေရာ ရွှေပြည်တန် သတ္တုမိုင်းဝင်းမြေတစ်ဝိုက်ရှိ အိမ်ရာအဆောက်အဦ အသီးသီးတို့အတွင်းရှိ လူများမှာလည်း လောကကြီးနှင့်အပြိုင် အိပ်မောကြီးကျ၍နေကြလေ၏။

ယင်းသို့လျှင် သစ်ရွက်ဖျားကလေးချင်း ထိခတ်မိသံကိုပင် ကြားရတော့မလောက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေစဉ် ဆိတ်ငြိမ်ခြင်းကို ချောက်ခြားစွာ ဖြိုခွင်းလိုက်သော ခြောက်လုံးပြူးသေနတ်သံကြီးသည် ရွှေပြည်တန်သတ္တုတွင်းသူဌေး မောင်မောင်မြင့်အိမ်ကြီးဆီမှ တုန်ဟည်းမြည်ဟိန်းလျက် ရုတ်တရက် ထွက်ပေါ်လာလေ၏။ ဒိုင်း–ဒိုင်း–ဒိုင်းဟု ခြောက်ချက်တိတိ ဆက်ကာဆက်ကာ ထွက်ပေါ်လာသော ခြောက်လုံး

mgyoe.com

mgyoe.com

ပြုံးသေနတ်အသံမှာ တောင်သံတောသံနှင့် ရောနှောပဲ့တင်ထပ်လိုက်သည် ဖြစ်ရာ သေနတ်သံနှင့်မတူ၊ မြို့ဖျက်အမြောက်သံကြီးနှင့်တူရကား ရွှေပြည်တန် သတ္တုတွင်းတစ်ဝိုက်ရှိ လူကြီးလူငယ် တစ်ယောက်မကျန် အိပ်ရာမှ လန့်ဖျပ်နိုးကုန်ကြပြီး အရေးတကြီး သေနတ်သံကြားရာဆီသို့ ဦးတည်၍ ပြေးလာကြလေ၏။

သူဌေး မောင်မောင်မြင့်၏အိမ်ကြီးနှင့် အနီးဆုံးဖြစ်သော သတ္တုတွင်း မန်နေဂျာကြီး ဦးထွန်းသာနှင့် အင်ဂျင်နီယာ ကိုသက်ဖေတို့ကား ဒရဝမ် ကုလားများနှင့်အတူ အိမ်ကြီးရှိရာသို့ ရှေးဦးစွာ အပြေးရောက်လာကြပြီး နောက် အိမ်ရှေ့အုတ်လှေကားကြီးအနီးသို့ ဦးတိုက်မိကြသည်နှင့်တစ်ပြိုင် နက် ရုတ်တရက် မိမိတို့မျက်စိကိုပင် မယုံကြည်နိုင်ဘိအလား တွေ့မြင် ရသော အခြင်းအရာကို အံ့အားကြီးသင့်နေမိကြလေ၏။

မိမိတို့အထင်မှာ မိမိတို့သူဌေးအိမ်ကို ဓားပြတွေ ဝင်တိုက်နေကြပြီ ဟု ထင်ခဲ့၏။ သို့ရာတွင် ယခုမြင်ရသော အမြင်မှာ မုန်းချေနှင့် ဖီလာ အကျကြီး ကျနေလျက် မိမိတို့ တစ်သက်တွင် မည်သည့်နည်းနှင့်မျှ ဤ အဖြစ်အပျက်မျိုးကို တွေ့ကြုံရလိမ့်မည်ဟု မထင်ခဲ့သဖြင့်လည်း အံ့သြခြင်း ကြီးစွာ ဖြစ်သွားမိကြခြင်းဖြစ်လေ၏။ ၎င်းတို့ တွေ့မြင်ရသော အခြင်း အရာကား သူဌေးကတော်ကလေး နွဲ့နွဲ့ရီသည် အုတ်လှေကားထိပ်မှ မား မားရပ်ကာ အငွေ့မပြယ်သေးသော ခြောက်လုံးပြူးသေနတ်ကို လက်တစ် ဖက်မှ တင်းကျပ်စွာ ဆုပ်ကိုင်လျက် ဒေါသအမျက်ပြင်းစွာထွက်၍ ရက် စက်ကြမ်းကြုတ်သော မျက်နှာထားနှင့် လှေကားထစ်အဆုံးရှိ မြေပြင်တွင် ဒဏ်ရာကို လက်နှင့်ဖိ၍ မချိမဆံ့ အသက်ထွက်သွားရသော လူရွယ်တစ်ဦး အား စူးစူးစိုက်စိုက် ကြည့်နေသည်ကို တွေ့ကြရလေ၏။

မန်နေဂျာကြီး ဦးထွန်းသာနှင့် အင်ဂျင်နီယာ ကိုသက်ဖေ အမှူးရှိ သော ရောက်လာကြသည့် လူတစ်စုမှာ သူဌေးကတော် နွဲ့နွဲ့ရီနှင့် သေသူ ကို အပြန်ပြန် ကြည့်နေမိကြ၏။ နွဲ့နွဲ့ရီ၏ ခက်ထန်သောမျက်နှာကို

mgyoe.com

mgyoe.com
ကြည့်ရခြင်းအားဖြင့်လည်းကောင်း၊ သူ့ပိုင်နက်အတွင်းမှာ အချိန်မဲ့ ညဉ့်အခါကြီးဖြစ်ခြင်းအားဖြင့်လည်းကောင်း သေသူမှာ ပစ္စည်းကိုသော်လည်းကောင်း၊ လူကိုသော်လည်းကောင်း တစ်မျိုးတစ်မည် ကြံစည်ရန် မဖြောင့်မမှန်သောစိတ်ထားနှင့် ရောက်လာ၍သာ အပြစ်အလျောက် ခုခံခြင်းဖြစ်ရမည်ဟု တွေးမိသော်လည်း နွဲ့နွဲ့ရီ၏ ခုခံခြင်းမှာ လူတစ်ယောက်လုံးစင်းစင်းသေနေပြီဖြစ်၍ အစိုးရဥပဒေနှင့် အနှောင့်အသွားမလွတ်တော့ဘဲဖြစ်သမျှအကြောင်းရင်းကို ပုလိပ်ထံ သတင်းပေးဖို့ ဝတ္တရားကြုံလာပြီဖြစ်သောကြောင့် အကျိုးအကြောင်းကို မေးမြန်းရန် နွဲ့နွဲ့ရီအနီးအပါးသို့ ဝမ်းနည်းသောမျက်နှာထားနှင့် တိုးသွားကြလေ၏။ မိမိလက်လွန်မှုကို သိပြီးကဲ့သို့ဖြစ်နေသော နွဲ့နွဲ့ရီသည် ဦးထွန်းသာနှင့် ကိုသက်ဖေတို့အား တစ်စုံတစ်ရာမပြောဘဲ လက်ထဲမှ ဆုပ်ကိုင်ထားသော ခြောက်လုံးပြူးကိုသာ ဦးထွန်းသာသို့ ကမ်းပေးခဲ့လျက် မျက်နှာပျက်ပျက်နှင့် ရုတ်တရက် အိမ်ထဲသို့ လှည့်ဝင်သွားလေ၏။

အိမ်တွင်းမှထွက်လာသော အစေခံများသည်လည်းကောင်း၊ အပြင်မှ စုရုံးရောက်လာကြသော အလုပ်သမား ကြီးငယ်များသည်လည်းကောင်း ထူးခြား၍ အံ့သြမဆုံးနိုင်သော အဖြစ်အပျက်ကို ကြည့်ကာ နှုတ်ဆိတ်လျက် ကျန်ရစ်ရာမှ ဦးထွန်းသာနှင့် ဦးသက်ဖေတို့က အစပြု၍ လှုပ်ရှားလာကြပြီး အုတ်လှေကားရင်း မြေပေါ်တွင် မှောက်ခုံလဲ၍ သေပွဲဝင်နေသူကို မည်သူမည်ဝါဟု သိရှိကြရန် အနီးသို့တိုး၍ကြည့်မိကြသည်တွင်

"ဟင် ... ဒီလူဟာ ချစ်မိတ်ဆွေစတိုးက မောင်သိန်းဆွေပါကလား"

"အို ... ဟုတ်ပါရဲ့၊ ထားဝယ်က ဒီကို တစ်ခါတစ်ခါလာပြီး ပိုးထည်တွေ ဘာတွေရောင်းနေတဲ့လူ ..."

"အို ... ဒီသူငယ် လူကောင်းကလေးပဲ။ ဘယ်နည်းနဲ့ သူဌေးကတော်အိမ်ကို အချိန်မတော် လာရသလဲ"

"ဒါပေတဲ့ သူဌေးကတော်ကလေးကလည်း အင်မတန် နူးညံ့သိမ်
mgyoe.com

mgyoe.com
မွေ့တဲ့ မိန်းမတစ်ဦးပဲ။ သူ မရမ်းကားဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ဒီလို ရက်ရက်စက်စက် လုပ်မှာမဟုတ်ဘူး"

"ဒါလည်း ဟုတ်တာပဲ။ အတော် အတွေးရခက်တယ်။ ဒီလူဟာ ကုန်သည်ပီပီ လူတိုင်းနဲ့ သင့်မြတ်တယ်။ လူချစ်လူခင်လည်း များတယ်။ ဒီနယ်က လူကြီးလူကောင်းတွေအိမ် မှန်သမျှ သူ အားလုံး ဝင်နိုင်ထွက် နိုင်တယ်။ စကားပြောလည်း အင်မတန်ကောင်းတယ်"

"ဒါပေမဲ့ ဒီလူဟာ လွန်ခဲ့တဲ့ လေးငါးလကစပြီး ရွှေသွား မယ်တင့် ဆိုတဲ့ ဘိတ်သူမတစ်ယောက်နဲ့ တိတ်တိတ်ပုန်း ညားနေတယ်လို့ ပြော ကြတယ်။ ဒီရွှေသွားမယ်တင့်ဆိုတဲ့ မိန်းမက ခပ်ရှုပ်ရှုပ်ခပ်လည်လည်ထဲ ကပဲ။ အရွယ်ခပ်ငယ်ငယ်တုန်းကတော့ အရာရှိတွေ၊ အင်္ဂလိပ်တွေ၊ သူဌေး တွေကို ပိုင်းလာတာ။ ဘိတ်မှာ သူ့အရှုပ်ဇာတ်တွေ ခြေရာချင်းထပ်နေလို့ ထားဝယ်ကို ရွှေ့လာတာ လေးငါးနှစ်လောက် ရှိဦးမယ်။ ခုတော့ သူ့ အလုပ်က လူကုန်ကူးတယ်၊ ဘိန်းကုန်၊ အရက်ကုန်ကူးတယ်၊ ကစားဝိုင်း တွေ၊ ကလပ်တွေလည်း တိတ်တိတ်ပုန်းထောင်ထားတယ်။ ဒီအလုပ်တွေ နဲ့ စီးပွားဖြစ်ပြီးနေတော့ သူ့တစ်ကိုယ်လုံး စိန်တွေရွှေတွေ ညွတ်ညွတ်ကျိုး ကျအောင် အမြဲဝတ်ဆင်ထားတယ်။ "ဒီကောင်ကလေးဟာ ဒီမိန်းမရှုပ်ရဲ့ ထောင်ချောက်ထဲ ဘယ်လိုသွားမိသလဲ မပြောတတ်ဘူး"

"ကဲလေ ... ဒီလူရဲ့အကြောင်းက အရေးမကြီးဘူး။ သူဌေးမရှိခိုက် ဒီလိုအရေးပေါ်လာတော့ ကျုပ်တို့ ဘယ်လိုလုပ်ရမလဲ။ ပုလိပ်ကိုခေါ်ပြီး သူဌေးကတော် အပ်ရမှာလည်း အခက်။ ဒီရာဇဝတ်မှုကြီး လျှို့ဝှက်ထားလို့ လည်း မတော်ဘူး"

"ကျုပ်တို့လည်း မကြံတတ်ဘူးလေ။ သူဌေးသွားရာကိုသာ မြန်မြန် လိုက်ခေါ်ကြပေတော့။ သူဌေးရောက်မှ သူ့ဟာသူ ကြည့်စီမံဖို့ပဲ ရှိတော့ တယ်"

ထိုစကားများကာ သူတစ်မျိုးငါတစ်ဖုံ တစ်ယောက်တစ်ပေါက် ပြော
mgyoe.com

mgyoe.com
နေကြခြင်းဖြစ်လေရာ ထိုလူစုထဲမှ အကြီးအကဲဖြစ်သော မန်နေဂျာလူကြီး ဦးထွန်းသာနှင့် အင်ဂျင်နီယာ ကိုသက်ဖေတို့သာလျှင် ခေါင်းဆောင်ပြုလာရပြန်လေ၏။ ထို့ကြောင့် ဦးထွန်းသာက

"ကဲ ကိုသက်ဖေ … သူဌေးရှိရာ ခင်ဗျား လိုက်ခေါ်ပေတော့။ ကျုပ်က ဒီမှာ စောင့်ကြည့်နေရစ်မယ်လေ"

"ကောင်းပါပြီ ဦးထွန်းသာ။ ဒါထက် သူဌေးကို ဘယ်လိုက်ခေါ်ရမှာလဲ"

"တစ်မြန်နေ့မနက်စောစောကပဲ ထားဝယ်ကို ဆင်းသွားတယ်။ ဟိုမှာ သုံးလေးရက် နေမယ်လို့ ပြောသွားတာပဲ"

"ဘယ်အိမ်မှာ တည်းမလဲ"

"ခါတိုင်း သူဌေးကတော်နဲ့အတူတူ အစေခံတွေပါ ခေါ်သွားတော့ ဖြင့် ဟိုမှာ သူတို့လာတဲ့အခါနေဖို့ ဆောက်ထားတဲ့ ကိုယ်ပိုင်အိမ်မှာ နေတာပဲ။ ခုလို သူ့တစ်ယောက်တည်းဆိုတော့ သူဌေးရဲ့ သူငယ်ချင်း ဝတ်လုံကြီး ဦးတိုးမောင်အိမ်မှာ တည်းခိုတတ်တာပဲ"

"ကောင်းပြီလေ … ဒါဖြင့် ကျွန်တော် ခုပဲ ကားနဲ့ဆင်းသွားမယ်" ဟုဆိုကာ ကိုသက်ဖေ ထွက်သွားလျှင် ဦးထွန်းသာလည်း လူအချို့တို့ကို လူသေအလောင်းအား နေရာမပျက်စောင့်ရှောက်ရန် စီစဉ်မှာထားခဲ့ပြီး နောက် သူဌေးကတော် နွဲ့နွဲ့ရီရှိရာ အိမ်ပေါ်သို့ တက်လာခဲ့လေရာ ဘာအကြောင်းမှမသိဘဲ ပြူးကလူးပျာကလာဖြစ်နေသော အစေခံမျာ များမှာလည်း ဦးထွန်းသာနောက်မှ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာခဲ့ကြလေသည်။ ဦးထွန်းသာကား သူဌေးကတော်ကလေးအား ရုတ်တရက် မတွေ့ရချေ။ ဧည့်ခန်းကြီးမှနေ၍ ဟိုအခန်းဒီအခန်း မျက်လုံးဖြင့် စုံစမ်းရှာဖွေမိရာ တစ်ဖက်ရှိ စာကြည့်ခန်းကလေးအတွင်း မမှိန်မလင်း ထွန်းထားသော မာတ်မီးတစ်ပွင့်အောက်၌ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေသော သူဌေးကတော် နွဲ့နွဲ့ရီကို တံခါးတရုတ်ကတ်ကြားမှ
mgyoe.com

mgyoe.com
တွေ့မြင်ရလေ၏။

ဦးထွန်းသာသည် အကျိုးအကြောင်းမေးမြန်းရန် တံခါးဆီသို့သွား၍ တွန်းကြည့်သောအခါ အတွင်းမှ ကလန့်ချထားသောကြောင့် မဝင်နိုင်ရှိလေရာ အလိုက်သိစွာ အပြင်ဧည့်ခန်းကြီးမှာပင် အရိပ်အခြည်ကြည့်၍ နေရလေ၏။ ထိုဧည့်ခန်းကြီးမှာ ယခုအမှု၏ စတင်ပေါ်ပေါက်ရာ နေရာဌာနနှင့်တူ၏။ မှန်သားစားပွဲဝိုင်းကလေးပေါ်တွင် ငွေစီးကရက်ဘူး၊ ကြေးဆေးလိပ်ပြာခွက်တွင် သောက်လက်စ တစ်ပိုင်းတစ်စ စီးကရက်တိုများ၊ လက်ပြောင်တောက်ပ ချိတ်ဆေးရောင် ဖိတ်ဖိတ်ကြွနေသော ကြမ်းပေါ်တွင် ဖိတ်စဉ်နေသော ဆေးလိပ်ပြာစ အနည်းငယ်တို့ကိုလည်းကောင်း၊ မှန်သားစားပွဲအနီးရှိ နှစ်ယောက်ထိုင်ဆိုဖာကြီးတွင် နွဲ့နွဲ့ရီ၏ ထိုးခါစသိုးမွေးဆွယ်တာအကျႌခါးပိုင်းကလေးသည် ဆင်စွယ်အပ်များနှင့်အတူထောင့်တစ်ခုတွင် ညပ်ဝင်နေလျက် သိုးမွေးထုံးကလေးမှာမူ နှစ်ကိုက်သုံးကိုက်အကွာတွင် လိမ့်ကျနေသည်ကို တွေ့ရလေ၏။ တစ်ဖန် အခန်းကြီး၏ အလယ်ဗဟိုလောက်တွင် ခြေလှျောတိုက်၍ ချော်လဲထားသောနေရာတစ်ခုနှင့် တံခါးမကြီးအထွက် အိမ်ရှေ့ အုတ်လှေခါးထိပ်မရောက်မီကြွေမြေခင်း သမံတလင်းတွင် ချော်လဲရာ တစ်ချက်နှင့် သွေးကွက်များကိုတွေ့မြင်ရသောအခါ အတော်ပင် ရက်ရက်စက်စက်လုပ်လိုက်ကြောင်းပိုမိုထင်ရှားစွာ စဉ်းစားမိသဖြင့် ဦးထွန်းသာမှာ မိမိဆရာကတော်သည်ဤအမှုကြီးအတွက် ကျရောက်လတ္တံ့သော အစိုးရပြစ်ချက်ကို လေးလေးနက်နက် တွေးပူလိုက်မိပေ၏။

နွဲ့နွဲ့ရီ ဝင်ရောက်နေသော စာကြည့်ခန်းကလေးမှာ အတွင်းအပြင်လေဝင်ပေါက်များများရစေရန် တရုတ်ကတ်တံခါးများ၊ ယင်းများဖြင့် လေးဖက်လေးတန် ရံဝိုင်းထားခြင်းဖြစ်ရာ အပြင်မှ လပြည့်ကျော် ၅ ရက်လရောင်လေးများသည် အခန်းတွင်းသို့ ထိုးသွင်းရိုက်ဖျန်းလျက် အထက်ပိုင်း မဟူရာအုပ်ဆောင်းအတွင်းမှ ဓာတ်မီးရောင်ကလည်း ဖြန့်ဖြူးထား
mgyoe.com

mgyoe.com
ခြင်းကြောင့် အခန်းတွင်း၌ အံကြိတ်လျက် လက်နောက်ပစ်ကာ အခေါက်ခေါက်အခါခါ စကြ်ံလျှောက်လိုက်၊ တရုတ်ကတ်ပေါက် ယင်းပေါက်ကြားတို့မှ အုတ်လှေခါးဆီသို့ ရပ်ကြည့်လိုက်ဖြစ်နေသော နွဲ့နွဲ့ရီ၏ မျက်နှာထားကို ကောင်းမွန်ထင်ရှားစွာ တွေ့မြင်ရလေ၏။

ဦးထွန်းသာ၏အထင်ကား နွဲ့နွဲ့ရီမှာ သူမတူအောင် နူးညံ့သိမ်မွေ့လှသော အထက်တန်းစား အမျိုးသမီးတစ်ယောက်ဖြစ်သဖြင့် အရှက်အကြောက်အားကြီးလှ၍ စော်ကားလာသူအား ရမိရရာနှင့် ခုခံကာကွယ်ရာမှ လက်လွန်ခြေလွန်ဖြစ်သွားရခြင်းအတွက် ကြောက်လည်းကြောက်၊ ရှက်လည်းရှက်၍ လူတွေကို မျက်နှာအပြရခက်နေရှာသည်ဟု ထင်မိသည်။ သို့ရာတွင် တရုတ်ကတ်ကြားမှ နွဲ့နွဲ့ရီ၏မျက်နှာထားကို ကြည့်ရမြင်ရသောအခါ နွဲ့နွဲ့ရီသည် ရှက်ကြောက်ထိတ်လန့်ခြင်းထက် တစ်စုံတစ်ခုကို စိတ်၌ မကျေမချမ်း ဖြစ်နေသကဲ့သို့လည်းကောင်း၊ ဤသို့လက်လွန်အောင် ပြုမိသည်ကို နောင်တရမိနေသကဲ့သို့လည်းကောင်း အတိအကျ ဆုံးဖြတ်ချက်မချနိုင်သည့် အမူအရာတစ်မျိုးရှိနေသေးသည်ကိုလည်း တွေ့ရလေ၏။

နွဲ့နွဲ့ရီမှာ ဦးထွန်းသာ သိရသလောက်ဆိုလျှင် လူချောသလောက် စိတ်သဘောကောင်း၍ နူးညံ့သိမ်မွေ့သူကလေးဖြစ်သည်။ ကျယ်ပြန့်သော နဖူး၊ ပြူးကျယ်တောက်ပသော မျက်လုံး၊ ပြုံး၍နေသော နှုတ်ခမ်း၊ ဖြောင့်တန်းသွယ်လျသော နှာတံစင်းကလေးများသည် သေးသွယ်သော သူ၏ကိုယ်လုံးကလေးတစ်ခုလုံးတွင် အထူးအသားယူ၍ အလှဂုဏ်ရည်သွေးနေကြသော အစိတ်အပိုင်းများဖြစ်ပြီးလျှင် စကားပြောလျှင်လည်း နူးညံ့သိမ်မွေ့လှသော စရိုက်ကြောင့် မည်သည့်အခါမဆို တိုးတိုးသက်သက်ကလေးမျှသာ ပြောတတ်၍ ပြောသမျှမှာလည်း ပစ္စည်းရှင် သူဌေးကတော်တည်းဟူသော မာနသံ အလျှင်းမပါဘဲ ချိုသာယဉ်ကျေး ပျော့ပျောင်းလှ၏။ သူတစ်ပါးအပေါ်တွင် စိတ်နေသဘောထားကောင်းသလောက် လင်
mgyoe.com

mgyoe.com
ယောက်ျားဖြစ်သူ မောင်မောင်မြင့်အပေါ်တွင်လည်း ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးနှင့် အားကိုးချစ်ခင်ခဲ့သူဖြစ်ကြောင်း သိရပြီးလျှင် သူဌေးကလေး မောင်မောင်မြင့်ကလည်း ဇနီးသည် နွဲ့နွဲ့ရီအား သူမတူအောင် ချစ်ခင်ယုယ ယုံကြည်လေးစားရှာသူဖြစ်၏။ အထူးသဖြင့် ခြံ၍စဉ်းစားလိုက်သော အခါ သူဌေးကလေးမောင်မောင်မြင့်နှင့် သူဌေးကတော်ကလေး နွဲ့နွဲ့ရီမှာ အရွယ်သင့်ရုပ်ချော ဘက်ညီလှသော လင်မယားဖြစ်၍ တစ်ယောက်ကို တစ်ယောက် တစ်ကြိမ်တစ်ခါမျှပင် ကတောက်ကဆ မဖြစ်ဖူးဘဲ ထူးကဲစွာ သင့်မြတ်လှခြင်း၊ မောင်မောင်မြင့်မှာ ပျို့ရွယ်နုနယ်သေးသော သူဌေး ကလေးတစ်ယောက်ဖြစ်စေကာမူ အခြားသော သူဌေးပျို သူဌေးလွင်များ ကဲ့သို့ အိမ်ကမယားကို တော်ရာချောင်ထိုးထားပြီး အပျော်အပါး၊ အသောက်အစားလိုက်နေခြင်းဟူ၍ အလျှင်းမရှိ။ မိမိ၏အလုပ်ခွင်၌သာ စိတ်ဝင်စားနေတတ်၍ အားလပ်သောအချိန်အခါများမှာလည်း ချစ်မယား ကလေးကိုသာ ယုယအလိုလိုက်နေခြင်းဖြင့် အချိန်ကုန်လွန်တတ်၏။

နွဲ့နွဲ့ရီကလည်း အလိုလိုက် အမိုက်စော်ကားမရှိ၊ ပိပိရိရိ မူသေသေ နှင့် လင်သားကို ရိုသေချစ်ခင်ရှာသူဟု သိကြရ၏။ တစ်ဦးနှင့်တစ်ဦး သူတစ်ထူးလင်မယားများထက် ပို၍ သံယောဇဉ်တွယ်ရန် အကြောင်းရင်း ခံမှာလည်း ရွှေပြည်တန် သတ္တုတွင်းကြီး၏ မူလပိုင်ရှင်များ ဖြစ်ကြကုန် သော မောင်မောင်မြင့်၏ ဖခင်နှင့် နွဲ့နွဲ့ရီ၏ဖခင်တို့မှာ သွေးသားနီးစပ် သူများမဟုတ်ကြသော်လည်း ညီရင်းအစ်ကိုတမျှ ချစ်ခင်သော ကျောင်းနေ ဖက် သူငယ်ချင်းများဖြစ်၍ ကျောင်းမှထွက်သောအခါ နှစ်ယောက်လုံး ပင် ဝါသနာအလျောက် တနင်္သာရီရိုးမတစ်လျှောက်တွင် သတ္တုတွင်းများ ကို လိုက်လံရှာဖွေခဲ့ကြပြီး ကံအားလျော်စွာ ခဲမဖြူအမြောက်အမြားထွက် သော သတ္တုတွင်းတစ်ခုကို တွေ့ခဲ့ကြသည်မှအစ နှစ်ဦးပိုင် ရွှေပြည်တန် သတ္တုတွင်းကြီးဖြစ်လာသည်အထိ လုပ်သားအဆောက်အအုံ မြောက်မြား စွာနှင့် ကြီးပွားထွန်းကား သူဌေးကြီးများ ဖြစ်လာကြပြီးလျှင် သားမယား
mgyoe.com

mgyoe.com
ကိုယ်စီ ရရှိခဲ့သည်အထိ ချစ်ခင်စွာနေထိုင်ခဲ့ကြလျက် မိမိတို့ သားသမီးချင်းလည်း လက်ဆက်ပေးမြား စီးပွားမကွဲ နေထိုင်နိုင်ရန် စီမံခဲ့သေးသည်။ ထိုအတွင်း သင်္ခါရဓမ္မအတိုင်း နွဲ့နွဲ့ရီ၏မိခင် ကွယ်လွန်သွားရာ နွဲ့နွဲ့ရီ၏ ဖခင်မှာ စိတ်လက်မကောင်းသဖြင့် သူပိုင်ဆိုင်ခွင့်ရှိသော သတ္တုတွင်းဝေစုကို မောင်မောင်မြင့်၏ဖခင်သို့ လွှဲပြောင်းရောင်းချခဲ့ပြီး စိတ်နောက်ကိုယ်ပါ ထင်ရာပြုမူခဲ့ပြီးသည့်အဆုံး၌ ဆင်းရဲမွဲပြာ မကျန်းမမာဖြစ်ကာ သေဆုံးသွားရှာသည်။ မောင်မောင်မြင့်၏ဖခင်သည် ထိုအကြောင်းကို ကြားရသောအခါ ချစ်လှစွာသော သူငယ်ချင်းအပေါ်တွင် ထားခဲ့သည့်ကတိကို မဖျက်ဘဲ သူငယ်ချင်း၏ကျန်ရစ်သော လူမမယ်သမီးကလေး နွဲ့နွဲ့ရီကို ကောက်ယူကျွေးမွေး၍ ရင်သွေးနှင့်မခြား ပြုစုစောင့်ရှောက်လာခဲ့ပြီး သားအရင်း မောင်မောင်မြင့်ကဲ့သို့ပင် ရန်ကုန်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ထားခဲ့သည်။ သားဖြစ်သူ မောင်မောင်မြင့်အားလည်း လူကြီးချင်း ထားခဲ့သောကတိကို မဖျက်ရန် ပြောကြားလျက် နွဲ့နွဲ့ရီအား သေတပန်သက်ဆုံး ချစ်ခင်စွာ စောင့်ရှောက်ရန် အမြဲမှာထားခဲ့၏။ မောင်မောင်မြင့်ကလည်း ဖခင်၏စကား မြေဝယ်မကျ နားထောင်ခဲ့သူဖြစ်သည့်အပြင် နွဲ့နွဲ့ရီအား နှမရင်းကလေးလိုတစ်သွယ်၊ ချစ်ဖွယ်သော ဇနီးလောင်းကလေးလိုတစ်မျိုး အမျိုးမျိုးဘက်မှ သံယောဇဉ်နွယ်ယှက်လျက်ရှိပေ၏။

ထိုအတွင်း မောင်မောင်မြင့်၏ဖခင်ကြီး သေဆုံးသွားပြန်ရာ မောင်မောင်မြင့်မှာ ကျောင်းသူကလေး နွဲ့နွဲ့ရီအပေါ်၌ အစ်ကိုကြီးတစ်ဦးပမာ အစစအရာရာ ဆက်လက်စောင့်ရှောက်လာခဲ့သေးလျက် နွဲ့နွဲ့ရီအပျိုကြီး ဖားဖားဖြစ်၍ ကျောင်းကထွက်မှ ဖခင်ကြီးမှာကြားချက်အရ လက်ထပ်လိုက်သည့်အချိန်မှစ၍ နှစ်ယောက်သားမှာ ကြင်နာထောက်ထား သစ္စာစောင့်စည်းလှသော ဇနီးမောင်နှံအဖြစ်သို့ ရောက်ရှိလာကြကြောင်းတို့ကိုလည်း ဖခင်ကြီးနှစ်ဦးလက်ထက်ကစ၍ ဆင်းသက်လုပ်ကိုင်လာကြသော အိမ်အစေခံများ၊ သတ္တုတွင်းအလုပ်သမားအချို့တို့နှင့် မန်နေဂျာ ဦးထွန်း
mgyoe.com

mgyoe.com

သာတို့ ကောင်းစွာ နားလည်ခဲ့ကြလေရာ ဤမျှ ဣန္ဒြေသိက္ခာရှိရှိနှင့် ပိပိ ရိရိ သေသေဝပ်ဝပ် နေထိုင်သူကလေးတစ်ဦးထံသို့ မောင်သိန်းဆွေသည် မည်သည့်အကြောင်းကြောင့် အချိန်မလှသည့် ညသန်းခေါင်အခါတွင် ရောက်လာပြီး မည်သည့်နည်းနှင့် နွဲ့နွဲ့ရီကလည်း သေနတ်ဖြင့် ပစ်သတ် ရသည့်အဖြစ်မျိုးသို့တိုင် ရောက်သွားရခြင်းကို ဦးထွန်းသာတွင် မစဉ်းစား တတ်အောင် ရှိနေရှာလေသတည်း။ ။

mgyoe.com

 mgyoe.com 

## အခန်း ၂

ကျယ်ဝန်းသော ဧည့်ခန်းကြီးတွင် ဧည့်သည်ရော အိမ်သည်ပါ လူပေါင်း အတော်များလျက်ရှိသော်လည်း တိတ်ဆိတ်ငြိမ်သက်ခြင်းမှာမူ အပ်ကလေး တစ်ချောင်းကျသံကိုပင် ကောင်းစွာ ကြားရတော့မလောက် ရှိလေ၏။

ဧည့်ခန်းတွင်း၌ ရှိသမျှသော လူတစ်စု၏ မျက်လုံးများနှင့် နားများ သည် တစ်နေရာတည်းသို့ တညီတညွတ်တည်း စူးစိုက်လျက် ရှိကြသော ကြောင့် ဖြစ်လေ၏။ သူတို့အာရုံစူးစိုက်ရာ ဌာနကား ဆိုဖာကြီးပေါ်တွင် ငုံ့စုံဖျစ်ထိုင်ကာ ချောကလက်ရောင် သိုးမွေးဆွယ်တာကလေးကို တွင် တွင်သာ ထိုးနေသူ သူဌေးကတော်ကလေး နွဲ့နွဲ့ရီ ဖြစ်လေ၏။ အနီးဆုံး နေရာတွင် ရပ်၍လည်းကောင်း၊ ထိုင်၍လည်းကောင်း နွဲ့နွဲ့ရီထံမှ အဖြေ ကို စောင့်စားနေသူများကား စုံထောက်ဘက်ဆိုင်ရာ အရာရှိတစ်ဦး၊ ရာဇဝတ်ဘက်မှ အရာရှိနှစ်ဦးနှင့် မောင်မောင်မြင့်၏ ကျောင်းနေဖက် သူငယ်ချင်း ဝတ်လုံကိုတိုးမောင်၊ ၎င်း၏စာရေး ထားဝယ်သားကလေး ထွန်းဦးတို့ဖြစ်လေရာ နွဲ့နွဲ့ရီနှင့် ထိလုမတတ် နီးကပ်စွာ ထိုင်သူကား နွဲ့နွဲ့ရီ၏ခင်ပွန်းသည် သူဌေးကလေး မောင်မောင်မြင့် ဖြစ်ပြီးလျှင် အခြား နှစ်ယောက်ကား ဦးထွန်းသာနှင့် ကိုသက်ဖေတို့ ဖြစ်လေ၏။ နွဲ့နွဲ့ရီသည်

mgyoe.com

mgyoe.com

မေးနေကြသော အဖြေကိုမပေးမီ ဆွယ်တာအင်္ကျီကိုသာ နာနာဖိ၍ ထိုးလျက်ရှိ၏။ သို့ရာတွင် ထိုးနေသော ဆင်စွယ်အပ်ချက်ကလေးများမှာ ထိုးပြီးတိုင်းပင် မကြာခဏပြန်၍ ဖျက်နေရသောကြောင့် နွဲ့နွဲ့ရီ၏စိတ်များသည် မည်မျှ တုန်လှုပ်ချောက်ချား ရှက်ဒေါသပွားနေရှာသည်ဟု ခန့်မှန်းနိုင်ကြပေ၏။ အခြားသောသူများထက် မယားချစ်ကလေးအတွက် စိတ်မွန်တက်နေသော မောင်မောင်မြင့်မှာ ပို၍သိသဖြင့် မိမိဇနီးကလေးအား ပို၍ သနားနေရှာ၏။ "အင်း ... ရှက်ရှာမှာပဲ၊ ရှက်ရှာမှာပဲ။ အရှက်မွန်ပြီး လက်လွန်မိတဲ့အပြစ်ကိုလည်း နုနယ်တဲ့ မိန်းမသားကလေးပီပီ ကြောက်နေရှာမယ်။ ခုလို ပုလိပ်တွေ ဘာတွေနဲ့ စစ်လား ဆေးလားလုပ်လေ သူ့ခမျာ ကြောက်လေရှိမှာပဲနော်" ဟု တစ်ဦးတည်းတွေး၍ တရေးရေး သနားကရုဏာသက်နေမိရှာ၏။

သို့ရာတွင် မပြောမပြီး မတီးမမြည်ဖြစ်နေသည့် အမှုသွား၏ ကျရောက်လာသော ကိစ္စအားဖြင့် ထုံးစံအတိုင်း ပုလိပ်များကို အကျိုးအကြောင်း မပြောက မပြီးနိုင်။ ရုတ်တရက် ရှောင်တခင်အားဖြင့်လည်း နွဲ့နွဲ့ရီအပေါ်တွင် လူသတ်မှုကြီးပတ်လျက်ရှိ၍ ပုလိပ်ကလည်း ပစ္စည်းရှင် သူဌေးကတော်ဟု မျက်နှာကြီး မျက်နှာငယ်လိုက်ကာ အရေးမယူဘဲ မနေသာရကား "နွဲ့ရယ် ... ပြောပြလိုက်ပါဦးကွယ်။ ဒီက မိတ်ဆွေတွေ စောင့်နေရတာ ကြာလှပြီ။ အားနာစရာကြီး" ဟု မောင်မောင်မြင့်က ဝင်ရောက်တိုက်တွန်းရတော့လျက် ကိုတိုးမောင်ကလည်း "ဟုတ်တယ် အနွဲ့၊ ကိစ္စက ပုလိပ်အရေးပိုင်နေမှတော့ မပြောဘဲနေလို့ မဖြစ်ဘူး။ အကျိုးအကြောင်း ပြောမှ ပြီးလိမ့်မယ်။ ဘာမှမကြောက်နဲ့၊ ကိုတိုးမောင် ဒီအမှုကို အစအဆုံး လိုက်ပြီး ဆောင်ရွက်မယ်။ အနွဲ့ကို ရေကြည်တစ်ပေါက် မစဉ်စေရဘူး" ဟု ပြောရာ ပုလိပ်အရာရှိများကလည်း "ဟုတ်ပါတယ် ... ကျွန်တော်တို့မှာ အလုပ်ဝတ္တရားနဲ့ လူတွေဖြစ်လေတော့ သူဌေးကတော်လေးက ခုလို ဘာမှမပြောဘဲ ရေငုံနေရင် အပြစ်မရှိတဲ့လူတစ်ယောက်ကို သက်သက်မဲ့

mgyoe.com

mgyoe.com
သတ်ဖြတ်ရာကျနေတဲ့အတွက် ထုံးစံအတိုင်း ဖမ်းရုံပဲ ကျန်ပါတော့တယ်” ဟု ဆိုလိုက်သောအခါမူကား နွဲ့နွဲ့ရီမှာ ရုတ်တရက် မျက်လုံးပြူးပြီး တုန်လှုပ်ထိတ်လန့်သော လက္ခဏာနှင့် မော်ကာကြည့်မိလျက် သက်ပြင်းကြီး တစ်ချက် ချလိုက်ပြန်လေ၏။

မောင်မောင်မြင့်မှာ ဇနီးချစ်ကလေး၏ ဖြစ်အင်ကို မမြင်ရက်အောင် ရှိရှာတော့၏။ အင်ဂျင်နီယာကိုသက်ဖေ အရေးတကြီး ကားနှင့်လိုက်ခေါ်၍သာ ပါလာခဲ့ရသည်။ သူကိုယ်တိုင်လည်း ဘာကိုမှ နက်နက်နဲနဲ မသိရသေး။ “ငါဟာ အလုပ်ကိုသာ ဂရုစိုက်နေတဲ့အကောင်ပဲ။ ငါ့မယားကလေးကို ငယ်ငယ်ရွယ်ရွယ် တစ်ယောက်တည်းထားခဲ့ပြီး မကြာခဏ ခရီးထွက်မိတာဟာ မှားတယ်။ လင်ယောကျ်ားမရှိဘူးဆိုရင် လူမိုက်ဆိုတာ စော်ကားချင်တာပဲ။ ဒီလိုဖြစ်ရတာ ငါ့အပြစ် ငါ့အပြစ် ...” ဟု ကိုယ့်ကိုယ်ကိုယ် ကြိတ်ကာ အပြစ်တင်၍ နေမိလေ၏။ မောင်မောင်မြင့်နှင့်အတူပင် ဘုမသိဘမသိ လိုက်ပါလာခဲ့ရသော ဝတ်လုံကိုတိုးမောင်မှာလည်း ထိုနည်းလည်းကောင်း အကြောင်းကြောင်းကို ဘာမျှမသိရသေးသူပင် ဖြစ်လေ၏။ ထို့ကြောင့် နောက်ဆုံးအကြိမ် ပုလိပ်အဖမ်းခံမထိရစေခြင်းငှာ

“ကဲ ... ပြောသင့်တဲ့ အဖြစ်အပျက် အကျိုးအကြောင်းတွေ ပြောပြလိုက်ပါ။ ခုလို တအုံနွေးနွေးဆိုရင် အနွဲ့အတွက် ပိုပြီး အပြစ်လေးနေတော့မယ်။ ကိုတိုးမောင် ရှိပါပြီ။ အနွဲ့ကို အချုပ်မခံစေရပါဘူး။ အကျိုးအကြောင်း ပြောပြီးရင် ခုချက်ချင်း ဂါတ်ကိုလိုက်ပြီး အာမခံလိုက်မှာပါ။ ဘာမှမကြောက်ပါနဲ့”

နွဲ့နွဲ့ရီသည် အံကြိတ်ကာ မျက်ရည်တွေ တွေတွေကျလာ၏။

“ကိုတိုးမောင် ... အနွဲ့ မကြောက်ဘူး။ အပြစ်ရှိရင် ခံရဲပါတယ်။ ဒါပေမဲ့ ဒီအကြောင်းတွေ အနွဲ့ ထပ်ပြီး မပြောချင်ဘူး။ ပြောရမှာ စိတ်မကောင်းဘူး။ အို ... ဘာပဲဖြစ်ဖြစ် အနွဲ့ မကြောက်ဘူး သိလား။ အနွဲ့စိတ်ထဲမှာ ကိုကိုမြင့်တစ်မျက်နှာကိုငဲ့ပြီး ကိုကိုမြင့်အတွက် သနားနေတာ

mgyoe.com

mgyoe.com

တစ်ခုပဲရှိတယ်"

ဟု ပြောကာ ထိုးလက်စ ဆွယ်တာကိုချကာ ကျလာသော မျက်ရည်ကို သုတ်နေရှာတော့၏။

မောင်မောင်မြင့်သည်လည်း ဇနီးချစ်ကလေး ငိုသည်ကို မြင်ရသောအခါ သာ၍ပင် ရင်ထုမနာဖြစ်မိရှာ၏။ ထို့ကြောင့် ပခုံးကလေးကို သိမ်းကျုံးဖက်ကာ "နွဲ့ ... နွဲ့ ... ဘာမှ မကြောက်နဲ့၊ မငိုနဲ့။ နွဲ့အပြစ်မရှိဘူးဆိုတာကို ကိုကိုမြင့် ယုံကြည်တယ်။ နွဲ့အပြစ်လွတ်အောင် ကိုကိုမြင့်နဲ့ဟောဒီက ကိုတိုးမောင်တို့ ကိုယ်ဖိရင်ဖိ ကြိုးစားမှာပေါ့။ ဒီပုလိပ်ဘက်က မိတ်ဆွေတွေကလည်း ဖေးဖေးမမနဲ့ နွဲ့အပြစ်မရအောင် ကူညီကြပါလိမ့်မယ်။ အဖြစ်အပျက်ကိုသာ ပြောပြလိုက်ပါ"

"ကိုကိုမြင့် ... ဒီအကြောင်းကို နွဲ့ ထပ်ပြီး ရေနှုးရမှာ ဝန်လေးလွန်းလို့ပါ" ဟု ဝမ်းနည်းလှိုက်လှဲစွာ ပြောပြန်လျှင် ပုလိပ်အရာရှိတစ်ယောက်မှာ စိတ်မရှည်သလိုဖြစ်လာပြီး

"ကဲ ... ဝန်လေးလို့ မပြောချင်ရင်လည်း ခင်ဗျားက ရာဇဝတ်မှုကြီး ကျူးလွန်ထားတော့ အချုပ်ခန်း ခေါ်ရုံရှိတာပေါ့"

ဟု ပြောလျှင် မောင်မောင်မြင့်မှာ လှော်ကားပေါ်ဝန်တင်သလို ဤမျှနူးညံ့သိမ်မွေ့လှသော အထက်တန်းစား အမျိုးသမီးကလေးတစ်ယောက်နှင့် အချုပ်ထောင်မှာ အမြင်မလျော်နိုင်အောင် ရှိလှသဖြင့် "အို ... တစ်ဆိတ် သည်းခံကြပါဦး။ ပြောပါစေမယ်။ အကျိုးအကြောင်းသိရရင်ကျွန်တော်တို့ပါ လိုက်ပြီး အာမခံမှာပေါ့။ ကဲ ... နွဲ့ရယ်၊ ကိုကိုမြင့်ကိုသနားရင် အကျိုးအကြောင်း ပြောပြလိုက်စမ်းပါ။ နွဲ့ကိုယ်နွဲ့ မသနားပေတဲ့ ကိုကိုမြင့်ကို သနားပါဦး" ဟု ဗျာပါသောက ကြီးလှစွာသော မျက်နှာဖြင့် နွဲ့နွဲ့ရီ၏လက်ကို ဖျစ်ညှစ်ကာ အရေးတကြီး တောင်းပန်နေရှာတော့၏ ။

နွဲ့နွဲ့ရီလည်း မောင်မောင်မြင့်ကို စူးစိုက်ကြည့်ကာ မျက်ရည်တွေ

mgyoe.com

mgyoe.com

လည်လာလျက် "ကဲ ... ကဲ၊ ပြောပြပါတော့မယ်။ ရှင်တို့ သိချင်တာတွေ မေးကြပါတော့" ဟု အားလျော့သံနှင့် ပြောလိုက်လေ၏။

အရာရှိ ။ ။ သေသူ မောင်သိန်းဆွေဟာ ဒီကို ဘယ်အချိန်က ဘာကိစ္စနဲ့ ရောက်လာသလဲ။

နွဲ့ ။ ။ ည ၈ နာရီလောက်မှာ ရောက်လာတယ်။ အထည်သစ်တွေလည်း ရောက်လို့၊ စိန်ရင်ထိုးတစ်ခု အပ်ထားတာကလည်း ပြီးနေလို့ ဘယ်နေ့ယူလာရမလဲဆိုတာ လာမေးတယ်။

အရာရှိ ။ ။ သူနဲ့ ခင်ဗျားနဲ့ အရင်က သိသလား။

နွဲ့ ။ ။ သိတာပေါ့။ သူနဲ့မသိတဲ့လူ ဒီနယ်မှာ အရှားသားပဲ။

အရာရှိ ။ ။ အရောတဝင် သိတာလား၊ အထည်ဖောက်သည်ဖြစ်လို့ ရိုးရိုးတန်းတန်းသိတာလား။

နွဲ့ ။ ။ သူများသိကြသလို ရောင်းတဲ့လူနဲ့ ဝယ်တဲ့လူအဖြစ် သိကြတာပဲ။

အရာရှိ ။ ။ သူ ဘာတွေလာရောင်းတတ်သလဲ။

နွဲ့ ။ ။ ရန်ကုန်က ပေါ်သမျှ ပိုးဖဲကတ္တီပါ အထည်ဆန်းတွေနဲ့ ငွေထည်၊ ရွှေထည်၊ စိန်ထည်တွေ လုပ်ပြီးသားလည်း ရောင်းတယ်။ ပုံဆန်းဆန်းပြားပြားတွေလည်း ပန်းထိမ်နဲ့ လက်ခံပြီး လုပ်ပေးတယ်။

အရာရှိ ။ ။ ဒီကနေ့ သူ ဘာပြုလို့ ညဥ့်နက်သန်းခေါင်အထိ နေရသလဲ။

နွဲ့ ။ ။ ကားကြုံမရှိလို့ မနက်မှ လိုက်တော့မယ်ဆိုပြီး စကားထိုင်ပြောနေတာပဲ။

အရာရှိ ။ ။ ခင်ဗျားနဲ့ ဘယ်အချိန်ထိအောင် ထိုင်စကားပြောနေသလဲ။

နွဲ့ ။ ။ ခုလိုဖြစ်ရတဲ့အချိန်ထိအောင်ပဲ စကားပြောကြတယ်။

mgyoe.com

mgyoe.com

အရာရှိ ။ ။ ဘာတွေပြောနေကြသလဲ။

နွဲ့ ။ ။ ဟိုအကြောင်း ဒီအကြောင်း စုံလို့ပဲ။ ဘာရယ်လို့တော့ မဟုတ်ဘူး။ စပ်မိစပ်ရာ ပြောကြတာပေါ့။

အရာရှိ ။ ။ အစေခံတွေ အနားမှာ မရှိဘူးလား။

နွဲ့ ။ ။ သူတို့တစ်တွေလည်း ညဉ့်နက်တော့ အိပ်ကုန်ကြပြီထင်ပါရဲ့။

အရာရှိ ။ ။ စကားပြောရင်းက ဘယ်လိုဘယ်ပုံဖြစ်ပြီး ခင်ဗျားက သေနတ်နဲ့ ပစ်ရတာလဲ။

နွဲ့ ။ ။ ကျွန်မကတော့ ရိုးရိုးပဲ ဧည့်သည်အဖြစ်နဲ့ ထိုင်ပြီး စကားပြောနေတယ်။ အိမ်မှာ လူမရှိကြမှန်းသိတော့ နည်းနည်း သူ့စကားပြောပုံတွေ မူမမှန်ဖြစ်လာတယ်။ ကျွန်မကိုလည်း လှသလေး ဘာလေးနဲ့ စကားပြောရင်းပြောရင်း မြှောက်မှန်းမသိ မြှောက်ပြောတယ်။ ဒီလိုပြောတဲ့ အတွက်လည်း သူ မရိုးချင်တော့ဘူးဆိုတာ ရိပ်မိလာတဲ့ အတွက် ကျွန်မက ခပ်တည်တည် ဣန္ဒြေဆောင်နေလိုက်ရတယ်"

အရာရှိနှင့်တကွ ကြားသမျှလူများသည် စိတ်အားထက်သန်စွာ စိုက်ကာ နားထောင်နေကြလေ၏။ နွဲ့နွဲ့ရီလည်း ဤသို့ ပြောနေရသည်ကို ပင် ရှက်ရွံ့ဝန်လေးနေဘိအလား မျက်နှာထားကလေး တည်ညြိုနှင့် ငိုမလို မဲ့မလို ရှိနေတော့၏။

အရာရှိ ။ ။ ကဲ ... ဆက်ပါဦး။ အဲဒီလို ခင်ဗျား ဣန္ဒြေနဲ့နေပြီးတဲ့ နောက် ဘာဖြစ်ကြသေးသလဲ။

နွဲ့ ။ ။ ကျွန်မက ဣန္ဒြေနဲ့နေတာတောင် သူက ကဲကဲလာတယ်။ နွဲ့ဟာ သိပ်လှတာပဲ။ ကိုသိန်းဆွေလေ လှတဲ့မိန်းမတွေလည်း တွေ့ခဲ့ဖူးပါရဲ့။ ဒါပေတဲ့ နွဲ့လောက်ကို လှတယ်၊

mgyoe.com

mgyoe.com

ယဉ်တယ်လို့ မထင်မိဘူးလို့ပြောပြီး ပြောပြောဆိုဆို ကျွန်မ လက်ကို ဆွဲတယ်။ ကျွန်မက ဆောင့်ရုန်းလိုက်တာလည်း မလွတ်ဘဲနဲ့ လက်ကို သူ့ရင်ဘတ်ပေါ်မှာ ကပ်ပြီး လှလွန်းလို့ ကိုသိန်းဆွေတော့ ကမ်းမမြင် လမ်းမမြင် ကြိုက်မိပြီနွဲ့ရယ်လို့ ပြောရင်း လက်ကို သူ့နှာခေါင်းနားထိ ဆွဲယူသွားတယ်။ သူ့မျက်လုံးကြီးဟာလည်း အချစ်စိတ်မွှန်ပြီး အလွန်အကျွံ တောက်ပြောင်နေတာ တွေ့ရတယ်။ ကျွန်မလည်း သူ့နှာခေါင်းနား လက်မရောက်ခင် လက်ကို ကပျာကယာ ဆောင့်ရုန်းပြီး ပြေးမိပြေးရာ ဟောဒီ စာဖတ်ခန်းထဲ ဝင်ပြေးရတယ်။ ဒါတောင် သူ နောက်က ထက်ကြပ်လိုက်ပါပြီး ကျွန်မလက်ကို ဆွဲ၊ လူကိုလည်း တင်းတင်းကြီး ဖက်ထားပြန်တယ်။ ဒီအချိန်မှာ သူ့မျက်နှာဟာ ကျွန်မကို ဘယ်နည်းနဲ့မှ ချမ်းသာခွင့်ပေးတော့မှာမဟုတ်ဘူးဆိုတာ သိရတယ်။ ကျွန်မလည်း ပူထူ မွှန်နေပြီး ရှက်လည်းရှက်၊ ကြောက်လည်းကြောက်နဲ့ ကိုယ့်ကိုယ်ကိုယ် ရေတိမ်နစ်သွားမှာလည်း အများကြီးစိုးရိမ်မိတဲ့အတွက် လက်ကို နောက်ထပ်တစ်ကြိမ် ဆောင့်ရုန်းပြီး ကိုကိုမြင့်စာရေးစားပွဲနား ပြေးကပ်၊ စားပွဲအံဆွဲထဲက ခြောက်လုံးပြူးထုတ်ပြီး ချိန်မိတယ်။ ချိန်ရင်းလည်း ရှင်လွန်ပြီ၊ အခုချက်ချင်း ပြန်သွားရင်သွား၊ မသွားရင် ပစ်လိုက်မယ်လို့ ပါးစပ်ကပြောလိုက်သေးတယ်။ ဒါပေတဲ့ မရဘူး။ သူ မကြောက်ဘူး။ အချစ်သရဲစီးနေပြီ။ နွဲ့ ... နွဲ့ ... ကိုယ့်ကိုချစ်နေတဲ့လူ တစ်ယောက်ကို သတ်ရက်ရင် သတ်လိုက်ပါ။ ကိုသိန်းဆွေ သေရဲပါတယ်။ နွဲ့ကို ချစ်ရရုံကလေးနဲ့ သေမယ်

mgyoe.com

mgyoe.com

ဆိုရင် အသေခံရဲပါတယ်... ဆိုပြီး ရှေ့တိုးလာတယ်။ ကျွန်မကို ပူးကပ်ပြီး သေနတ်ကိုလုမယ်လုပ်တယ်။ ကျွန်မက သူ့အကဲသိလေတော့ ငါ ခုခံမှုဖြစ်တော့မှာပဲ ဆိုပြီး သူ့ခြေထောက်နားကိုချိန်ပြီး ဖျတ်ခနဲ သေနတ်မောင်းကို ဖြုတ်လိုက်မိတယ်။ စွပ်စွပ်ရှပ်ရှပ် သူ့ခြေသလုံးကို မှန်သွားတယ်။ ဒီတော့ သူ ဒေါသထွက်ပြီး ကျွန်မကို ကျားလို ခုန်အုပ်မယ်လုပ်တယ်။ ကျွန်မလည်း နောက်ဆုတ်ပြေးပြီး သူလှည့်ပြန်သွားအောင်လို့ တစ်ချက် ထပ်ပစ်တယ်။ အဲဒါက ပေါင်မှန်တယ်။ ဒီတော့မှ သူလည်းထွက်ပြေးရော ကျွန်မလည်း စိတ်ဆိုးလွန်ပြီး လက်ကရှိတဲ့ ခြောက်လုံးပြူးကျည်ဆန် မကုန်မချင်း သူ ပြေးတဲ့နောက်က လိုက်ပစ်တယ်။ သူလည်း ကြောက်ပြီးထွက်ပြေးတာ ဧည့်ခန်းထဲမှာ တစ်ခါလဲတယ်။ နောက် သွေးရူးသွေးတန်းနဲ့ ထပြေးတယ်။ ကျွန်မလည်း ကျည်ဆန်မကုန်မချင်း လိုက်ပစ်တာ သူ အုတ်လှေကားက တလိမ့်ခေါက်ကွေး လိမ့်ကျသွားပြီး မြေပေါ်မှာ မှောက်ခုံဖြစ်နေတဲ့အထိ နောက်ဆုံးကျန်နေတဲ့ ကျည်ဆန်နှစ်ခုနဲ့ ပစ်လိုက်သေးတယ်။ ပစ်သမျှ ကျည်ဆန်တွေလည်း အားလုံးထိမှန်သွားတာသိရလို့ ကျွန်မကိုယ့်ကိုယ်ကိုယ်တောင် ဒါလောက် လက်တည့်နေတာ အံ့သြနေမိသေးတယ်။ အခုပြောနေတာက ကြာသေးတယ်။ အဖြစ်အပျက်ဟာ ဘာမှမကြာဘူး။ သေနတ်ခြောက်ချက်လုံး တစ်ဆက်တည်းလိုလို ထွက်သွားသလောက်ပဲ ကြာတယ်။ နောက်တော့ အားလုံးမြင်ကြတဲ့အတိုင်းပဲ။ ကဲ ... ဒါပါပဲ၊ ဒီအကြောင်းကို နောက်တစ်ခါထပ်ပြီး မပြောပါရစေနဲ့တော့။

mgyoe.com

mgyoe.com

နွဲ့နွဲ့ရီသည် ရှည်လျားသော စကားများကို အိတ်သွန်ဖာမှောက် ဆောင့်ချလိုက်သလို မပြောချင်သော်လည်း မပြောမနေရသော အရေးကြောင့် စူစူဆောင့်ဆောင့် ပြောလိုက်ပြီး ဝမ်းနည်းရှက်ကြောက်လှဘိ အလား မျက်နှာကလေးကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ဆိုဖာကိုမှီလျက် ငိုရှိုက်နေလေတော့၏။

ရှက်ရှာမယ်၊ ရှက်ရှာမယ်။ အရှက်အကြောက်ကြီးလွန်းတဲ့အတွက် အရှက်နဲ့ အသက်ကိုလုပြီး ခုခံလိုက်မိတာ ဖြစ်မှာပဲ။ လူကြီးလူကောင်း သားမယားပီပီ ရိုးရိုးကုပ်ကုပ်ကလေး နေလာရှာပေတဲ့ အကုသိုလ်ကံ အခွင့် အလှည့်မကောင်းတော့ ကျော်မကောင်း ကြားမကောင်းတဲ့ ရာဇဝတ်ပြစ်မှု ကြီး အလိုလို အိမ်ပေါ်တက်လာရတယ်။ ကိုယ်ကောင်း ခေါင်းဘယ်မှ မရွေ့ဘူးဆိုတဲ့ စကားဟာ အလကားစကားပဲ။ ခုဟာ ကိုယ်ကောင်းလျက် သားနဲ့ ခေါင်းလူဖြတ်ခံလိုက်ရတာဟု နွဲ့နွဲ့ရီအတွက် တွေး၍သနားနေမိ ကြသော လူများမှာ မောင်မောင်မြင့်၊ ကိုတိုးမောင်မှအစ မန်နေဂျာ ဦးထွန်း သာ၊ အင်ဂျင်နီယာ ကိုသက်ဖေ စသောသူများအထိ မကြည့်ရက် မမြင် ရက်နှင့် သနားလက်စ မသိမ်းနိုင်အောင် ရှိကြလေ၏။

ပုလိပ်အရာရှိများလည်း နွဲ့နွဲ့ရီကို အားနာသည်တစ်ကြောင်း၊ မေး စရာကိစ္စ ကုန်သလောက်ရှိနေပြီတစ်ကြောင်း၊ သူဌေးမောင်မောင်မြင့်နှင့် လည်း မျက်နှာနာနေကြသည့် အရာရှိများဖြစ်သည်တစ်ကြောင်းတို့ကြောင့်

"ကဲ ကဲ ... ဒါလောက်သိရရင် တော်ပါပြီဗျာ။ အမှုကတော့ ရုံး ရောက်ရင် လွတ်ဖို့ရာတွေ များပါတယ်။ ဒါပေတဲ့ ခုတော့ ကျွန်တော်တို့ မှာ ဝတ္တရားအတိုင်း သူဌေးကတော်ကို လူသတ်မှုနဲ့ အရေးယူရမယ့် တာဝန် ရှိနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့နဲ့အတူ ဂါတ်ကို တစ်ဆိတ် လိုက်ခဲ့ စေချင်ပါသေးတယ်။ လူသတ်မှုပေတဲ့ ဂုဏ်သရေရှိ သူဌေးကတော်တစ်ဦး လည်းဖြစ်တယ်၊ မိန်းမလည်းဖြစ်တယ်၊ ခံဝန်မယ့်လူတွေကလည်း တကယ့် လူတွေမို့ ဥပဒေအရ ဖမ်းတယ်ဆိုပေတဲ့ ချက်ချင်း အာမခံနဲ့ ကိုယ့်အိမ်

mgyoe.com

mgyoe.com

ကိုပြန်ပြီး ချမ်းချမ်းသာသာ နေရမှာပဲ”ဟု ဆင်းရဲသားဆိုလျှင် ဘေးပိတ် ကန်ပြီး ဝက်ခြံအချုပ်ခန်းထဲ ဆွဲသွင်းလေ့ရှိသည့် ပုလိပ်တော်မင်းများမှာ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသလို ချိုချိုသာသာ အားတုံ့အားနာနှင့် ပြောဆိုခေါ်ယူသွားသဖြင့် မောင်မောင်မြင့်နှင့်တကွ ကိုတိုးမောင်၊ ဦးထွန်း သာစသော သူတို့မှာ နွဲ့နွဲ့ရီနှင့်အတူ ခံဝန်ချုပ်ပေးရန် ထားဝယ်သို့ လိုက် ပါသွားကြလေ၏။ မောင်မောင်မြင့်မှာကား တစ်လမ်းလုံး ဇနီးသည် ကလေး နွဲ့နွဲ့ရီ အားမငယ်ရအောင် အမျိုးမျိုးအသွယ်သွယ် အားပေး စကား ပြောကြားလျက်ရှိလေရာ ကိုတိုးမောင်မှာလည်း မိမိသူငယ်ချင်း၏ ဇနီးချစ်တစ်ယောက်ဖြစ်သည့်အားလျော်စွာ နွဲ့နွဲ့ရီ စိတ်မငယ်စေရအောင် အားပေးစကား ဝင်ရောက်ပြောရုံမျှမက ဤအမှုကို မိမိလက်စွမ်းကုန် အစအဆုံး ကြိုးစားဆောင်ရွက်လျှောက်လဲပေးမည်ဖြစ်ကြောင်း တာဝန် ခံယူလျက်ရှိသဖြင့် ရှက်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းများအပြင် အား ငယ် နုံးချည့်နေရှာသော နွဲ့နွဲ့ရီပင် ကိုတိုးမောင်အားပေးစကားကြောင့် အားထားသမှု ပြုလာသကဲ့သို့ ရှိလေရာ ထင်သည့်အတိုင်းလည်း ပုလိပ် ဌာနသို့ ရောက်သောအခါ ချောမောစွာ အာမခံ ရခဲ့သောကြောင့် သူတစ်ပါး ထက် မောင်မောင်မြင့်မှာ ဇနီးချစ်အတွက် အသက်ရှူတစ်ချက် ချောင် ၍သွားမိရှာခဲ့ရ၏။ သို့ရာတွင် ရှေ့အရေးကို တွေးမိသောအခါ မိမိ၏ ဇနီးချစ်ကလေးမှာ မိမိအပေါ် သစ္စာရှိမှုကြောင့် ဖြစ်ပွားပေါ်ပေါက်လာရ သော ကိစ္စကြီးအတွက် အစိုးရအပြစ်ဒဏ်မှ လွတ်မှ လွတ်ရှာပါတော့ မလား၊ မလွတ်လျှင် မိမိ ဘယ်ကဲ့သို့ မြင်ရက် ကြည့်ရက်နိုင်စရာ ရှိပါ တော့မည်နည်း စသော အပူသောကငွေ့များမှာ မှိုင်းဝနေသော မီးပုံးပျံ ကြီးပမာ ပြည့်သိပ်ကြပ်တည်း၍ တဟီးဟီး သက်ပြင်းချနေမိရှာတော့၏။

မျက်နှာကြီး၊ နာမည်ကြီး တကယ့်ထိပ်တန်းစား သူဌေးကတော် လေး နွဲ့နွဲ့ရီက လူချစ်လူခင် အသိမိတ်ဆွေများလှသော ချစ်မိတ်ဆွေ စတိုးမှ မောင်သိန်းဆွေကို သတ်သည်ဆိုသောသတင်းသည် ထားဝယ်

mgyoe.com

mgyoe.com

နယ်အတွင်း ရုတ်ချည်းပင် ဟိုးဟိုးကျော်သွားလေ၏။ လူတိုင်းလည်း အံ့အားသင့်သွားကြ၏။ သိန်းဆွေမှာ ကုန်သည်ဘဝ တစ်နယ်လုံးတွင် အပေါင်းအသင်း ဝင်ဆံ့၊ လူသိသူသိ များသလောက် ရွှေပြည်တန်သတ္တု တွင်း သူဌေးကတော် နွဲ့နွဲ့ရီအမည်ကိုလည်း တစ်နယ်လုံးက ကြားဖူးကြ သောကြောင့် ထိုသတင်းမှာ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြီးချင် တိုင်း ကြီးသွားတော့၏။ ထို့ထက်ပို၍ သေသူ သိန်းဆွေ၏ ရာဇဝင်ကို လူပြောများလာရခြင်း၏ အကြောင်းမှာလည်း သိန်းဆွေနှင့် မထင်မရှား တိတ်တိတ်ပုန်း ညားနေသူမှာ ထားဝယ်နယ်တွင် မကောင်းသတင်း ကျော် စောလျက်ရှိသော မိန်းမရှုပ် ရွှေသွားမယ်တင့်ဖြစ်သောကြောင့် သေသူ မောင်သိန်းဆွေနှင့်ပတ်သက်၍ ပြောကွက်ပြောပေါက်တွေ သတင်းမျိုးစုံ ၍ နေလေ၏။

"သိန်းဆွေဟာ ကုန်တိုက်စာရေး လူချောကလေး၊ အပြောကလည်း ကောင်း၊ အပေါင်းအသင်းကလည်း ဝင်ဆံ့တယ်။ အရောင်းအဝယ်က လည်း လည်ပတ်ပါဘိသနဲ့၊ သူယူမယ်ဆိုရင် တကယ့်အဖိုးတန်ထဲက ရနိုင်လျက်သားပဲ။ ဘယ်လိုနည်းကြောင့် မိန်းမလည် ရွှေသွားမယ်တင့်နဲ့ ညားသွားရသလဲ မသိဘူး။ မယ်တင့်ဟာ သူ့ထက်လည်း အသက်ကြီးသေး တယ်၊ ရုပ်လည်း မလှဘူး၊ ပစ္စည်းရှိပေတဲ့ မိန်းမရှုပ်ဆိုတဲ့ နာမည်ပျက် ကြီးနဲ့ မိန်းမပဲ။ အဲဒါကို မောင်သိန်းဆွေဟာ အတော်စွဲနေတယ်တဲ့။ မယ်တင့်ကလည်း အပွဲပွဲမှာ ဘယ်လိုနွဲ့လာခဲ့ပေတဲ့ ဒီကောင်ကလေးနဲ့ကျ တော့ အတော်လိုက်စား အရေးပေးထားတယ်" စသော စကားများသည် လည်းကောင်း၊ "သိန်းဆွေဟာ မယ်တင့်နဲ့ရမှ အကျင့်စာရိတ္တပျက်စီးနေ ပြီ။ အပျော်အပါးလည်း လိုက်တယ်၊ အရက်သောက် ဖဲရိုက်ဆိုတဲ့ အတတ် တွေလည်း တတ်နေတယ်။ ဒီတော့ သူများမယား ကြာခိုပြီး ပိုက်ဆံသိုက် တူးဖို့လည်း ဘာခဲယဉ်းမလဲ။ အခုလည်း သူဌေးကတော်လေးကို ရမယ် ထင်လို့ သွားစတော့ ဟိုက ဆော်လွှတ်လိုက်တာ နေမှာပဲ" စသော အပြော

mgyoe.com

mgyoe.com

တွေက တစ်မျိုး။

"ဟုတ်တယ် ... တချို့ ဂိုက်ကောင်းဆိုက်ကောင်းနဲ့ ကောင်ကလေးတွေဟာ စတိုင်ကျကျ ဝတ်စားသုံးဖြုန်းနေရအောင် ဗိုလ်ကတော်ကျ၊ သူဌေးကတော်ကျ၊ မင်းကတော်ကျ၊ အသက်ကြီးကြီး ပစ္စည်းပေါပေါဟာမကြီးတွေနဲ့ တိတ်တိတ်ပုန်း ဆက်သွယ်ပြီး နေတတ်ကြတယ်။ ဟိုမိန်းမစားကြီးမျိုးတွေကလည်း သူတို့ဂုဏ်သိက္ခာထောက်ရ၊ သားကြီး သမီးကြီးတွေမျက်နှာထောက်ရဆိုတော့ ထင်ထင်ပေါ်ပေါ် မနေဝံ့ကြဘူး။ ဒီလို ကောင်ကလေးတွေကို လိုသလောက် ပေးကမ်းထောက်ပံ့ပြီး တိတ်တိတ်ပုန်းလင်အဖြစ်နဲ့ လက်သပ်မွေးထားတတ်ကြတယ်။ လွယ်လွယ်နဲ့ရတဲ့ ပစ္စည်းလွယ်တဲ့နည်းနဲ့ ဖြုန်းပေးဆိုသလို ကောင်ကလေးတွေကလည်း သောက်လိုက်၊ ကစားလိုက်၊ အပျော်အပါး လိုက်လိုက်နဲ့ ရသမျှ သုံးလို့ ဖြုန်းလို့တောင် မလောက်ကြဘူး။ သိန်းဆွေလည်း ဒီလိုနေရာမှာ ရွှေသွားမယ်တင့်က ဘယ်လိုပဲဖို့ဖို့ ကုန်ဝယ်ဆိုပြီး ရန်ကုန်တစ်ခါတစ်ခါသွားရင် မြင်းပွဲမှာ ဘယ်လောက်ရှုံးပြီး ကလပ်တွေ၊ ဟိုတယ်တွေမှာ ဘယ်လောက်ဖြုန်းခဲ့သလဲ မသိဘူး။ ဒါကြောင့် ယောက်ျားပိုင်းလုံးပီပီ သူဌေးကတော်လေးဆီ ဝင်ပိုင်းဖို့ကြံတာပေါ့" စသော စကားများကတစ်သွယ်။

"မယ်တင့်ကြီး သနားပါတယ်ကွယ်၊ မျက်ရည်စက်လက်နဲ့ ဆေးရုံပြေးလာပြီး သူ့လင်ကလေးအလောင်းကို သင်္ဂြိုဟ်ဖို့ လာယူတယ်။ ဒီတစ်ခါတော့ မြွေပွေး ပိုးထိခံရတာပဲ။ လူတကာပေါ် ခေါင်းပုံဖြတ်လာတဲ့မိန်းမသူ အင်မတန်ချစ်ပြီး အရိပ်ကြည့်ထားတဲ့ လင်ကလေး သူဌေးကတော်နွဲ့နွဲ့ရီ လက်ချက်နဲ့ အသက်ထွက်သွားရပြီ။ မယားတိန်ညင် လင်မုဆိုးဆိုသလို မိန်းမလည်း မယ်တင့်က သူ့တိတ်တိတ်ပုန်း လင်ချောကလေးမောင်သိန်းဆွေကို သူ့ကုန်ဝယ်ဖောက်သည်ဖြစ်ကြတဲ့ သူဌေးကတော်၊ မင်းကတော်တွေကို လှည့်ပြီး ကြာခိုသိုက်တူးခိုင်းပြီး ငွေရခန်းဖွင့်တာပဲလို့ တွေးမယ်ဆိုလည်း တွေးစရာပဲ ..." စသော ထင်မြင်ချက်များကတစ်တန်

mgyoe.com

mgyoe.com

အရပ်တကာ လမ်းတကာတွင် လူစုစုရှိတိုင်း စစ်သတင်း ဆွေးနွေးသလို အရေးတကြီးစကားဆို၍ နေကြလေ၏။

သို့နှင့် အရပ်ထဲ၊ မြို့ထဲ ရွှေပြည်တန်သတ္တုတွင်းဝိုင်းထဲမှာ အဆိုပါ အမှုအကြောင်း အမျိုးမျိုးထင်မြင်ချက်ပေးနေကြချိန်တွင် ဝတ်လုံ ကိုတိုးမောင်မှာ တပည့်စာရေး ထားဝယ်သားကလေး ထွန်းဦးနှင့် အလုပ်စားပွဲတွင် ထိုင်ကာ နွဲ့နွဲ့ရီ၏အမှု ရုံးတင်စစ်ဆေးချိန်၌ မည်သို့မည်ပုံ သက်သာရာရအောင် လျှောက်လဲရမည်တို့ကို လေးလေးနက်နက်ကြီး စဉ်းစားခန်းဝင်လျက်ရှိပြီးလျှင် ရွှေပြည်တန်သတ္တုတွင်းပိုင်ရှင် သူဌေးမောင်မောင်မြင့်မှာလည်း လင်ပေါ်တွင် သစ္စာစောင့်စည်းရှာသော မိမိဇနီးကလေးကို အမျိုးမျိုးအားပေးစကားပြောကြားလျက် အမှုကို ပေါ့လျော့သက်သာစေခြင်းငှာ သူငယ်ချင်းဖြစ်သူ ဝတ်လုံကိုတိုးမောင်နှင့် တိုင်ပင်ကာ အမျိုးမျိုး အဘက်ဘက်က ကြိုးစားလုံးပန်းလျက်ရှိလေရာ အမှုသည် ကာယကံရှင်ဖြစ်သူ နွဲ့နွဲ့ရီမှာမူကား နေမထိ ထိုင်မသာ မှိုင်ကာတစ်မျိုး၊ စိတ်ဆိုးကာတစ်လီ ထိုင်ချည်ထချည် အတည်မကျဖြစ်နေလျက်က ထိုးလက်စ သိုးမွေးဆွယ်တာအင်္ကျီကလေးကိုသာ မကြာမကြာ ထိုးလျက်ရှိနေပြီးလျှင် မည်သူနှင့်မျှလည်း အတွေ့မခံချင်၊ မည်သူနှင့်မျှလည်း စကားမပြောချင်၊ ပြောရလျှင်လည်း အမှုအကြောင်းသာ ပြောရမည်ဖြစ်၍ နွဲ့နွဲ့ရီမှာ အမှုအကြောင်း ထပ်ကာထပ်ကာ ပြောမည်ကို မိမိအသက် သေပစ်လိုက်ရမည်ထက် ဝန်လေးပင်ပန်းလျက်ရှိနေလေ၏။ ထို့ကြောင့်လည်း မောင်မောင်မြင့်မှာ ဇနီးကလေး သက်သာသလို နေနိုင်စေရန် အရေးမကြီးသော မေးမြန်းစုံစမ်းခြင်းများနှင့် ကိုယ်တိုင်လာရောက် သတင်းမေးကြသည့် ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများကို မိမိတစ်ဦးတည်းသာလျှင် သင့်လျော်သလို ပြောဆိုဧည့်ခံ၍ လွှတ်လျက်ရှိလေသတည်း။ ။

mgyoe.com

mgyoe.com

# အခန်း ၃

ဝတ်လုံတော်ရ ကိုတိုးမောင်သည် အလုပ်စားပွဲတွင် ထိုင်ကာ အမှုအတွက် ပုလိပ်စစ်ချက်များနှင့် သက်သေစာရင်းများကို စိတ်ဝင်စားစွာ ကြည့်လျက်ရှိလေရာ စာရေးကလေး ထွန်းဦးသည် ဆရာ၏ စာရေးစားပွဲနားတွင် ရစ်သီရစ်သီနှင့် တစ်စုံတစ်ခု ပြောလိုသောအမူအရာ ပြလျက်ရှိသော်လည်း ကိုတိုးမောင်မှာ အမှုတွဲတွင် စိတ်ဝင်စားနေသဖြင့် တော်တော်နှင့် မမြင်ဘဲနေလေ၏။ ထွန်းဦးသည် အရဲစွန့်၍ ...

"ဆရာ ... ဆရာ" ဟု နှစ်ကြိမ်ဆင့် ခေါ်လိုက်လေ၏။ သို့သော်လည်း ကိုတိုးမောင်သည် အမှုတွင် စိတ်ဝင်စားလျက်ရှိသောကြောင့် ရုတ်တရက် မကြားသေးဘဲ ရှိလေ၏။ ထွန်းဦးသည် နောက်တစ်ကြိမ်ထပ်ကာ "ဆရာ ... ဆရာ" ဟု ခေါ်လိုက်ပြန်၏။ ဤတစ်ကြိမ်မှ ကိုတိုးမောင် အမှုတွဲကိုချ၍ ထွန်းဦးကို မော့၍ကြည့်ကာ ...

"ဟေ ... ဘာလဲ မောင်ထွန်းဦး"

"ကျွန်တော် သူဌေးကတော်လေးအမှုအကြောင်း မေးချင်လို့ပါ"

"သြော် ... အေး၊ ငါလည်း ဒီအမှု စဉ်းစားနေတယ်။ ကိစ္စမရှိပါဘူးကွာ ...၊ သိန်းဆွေဟာ မိန်းမရှုပ်တစ်ယောက်နဲ့ ညားနေတဲ့အတွက်

mgyoe.com

mgyoe.com

နွဲ့နွဲ့ရီရဲ့အိမ်ကို ဒီအချိန်ကြီးသွားခြင်းဟာ မရိုးသားတဲ့ အကြံအစည်နဲ့ သွားကြောင်း ထင်ရှားနေပြီ။ နွဲ့နွဲ့ရီကိုယ်တိုင်ကလည်း သိန်းဆွေက အချိန်မတော် အိမ်ပေါ်မှာလာပြီး မဟားတယားလုပ်တဲ့အတွက် အရှက်ကို ကာကွယ်တဲ့သဘောနဲ့ ခုခံရပါတယ်လို့ ပြောတယ်။ ဘယ်နည်းနဲ့မှ နွဲ့နွဲ့ရီ အပြစ်လေးစရာ မရှိပါဘူး။ သိန်းဆွေရှုပ်တာ အသိသာကြီးပါ။ ပြီးတော့ သိန်းဆွေဟာ အရင်တုန်းက လူရိုးလူကောင်းတစ်ယောက်ဖြစ်ခဲ့ပေတဲ့ မိန်းမရှုပ် ရွှေသွားမယ်တင့်နဲ့ညားမှ သူ့နာမည်ဟာ အတော်ထိခိုက်သွားတယ်။ သူ့အကျင့်စာရိတ္တလည်း မကောင်းတော့ဘူး။ မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါဆိုသလို မြင်းလည်းလောင်းတယ်။ ဖဲလည်းရိုက်တယ်။ အပျော်လည်းလိုက်တယ်။ အရက်လည်းသောက်၊ ကိုကင်းတွေ ဘာတွေ တောင် ပွတ်တာ မြင်ဖူးတဲ့သူက မြင်ဖူးသတဲ့။ ဒီတော့ ဒါလောက်စုံနေတဲ့ လူတစ်ယောက်ဟာ တကယ့်ဣန္ဒြေသိက္ခာစောင့်စည်းတဲ့ ထိပ်တန်းစား မိန်းမတစ်ယောက်ကို သွားပြီး စော်ကားဝံ့လောက်အောင် မိုက်တဲ့စိတ်လည်း ဖြစ်မလာဘူးလို့ မဆိုနိုင်ဘူး တပည့်ရဲ့။ ဒါတွေ ရုံးမှာ ထည့်ပြီးပြောစရာ အချက်တွေပဲ။ ဘယ်နည်းနဲ့မဆို လွတ်ရမယ်ကွယ် ...၊ ဘာမှမပူနဲ့"

"ဆရာပြောတာလည်း မှန်ပါတယ်။ ဒါပေမဲ့ မောင်သိန်းဆွေဟာ နွဲ့နွဲ့ရီအိမ်ကို အချိန်မတော်ကြီး ဘာပြုလို့သွားရသလဲ။ လာတဲ့လူက လာပြီထားဦး နွဲ့နွဲ့ရီက ညဥ့်နက်သန်းခေါင် ဘာပြုလို့ နှစ်ယောက်တည်း ထိုင်ပြီး စကားလက်ခံပြောနေရသလဲ။ ဒါကိုလည်း စဉ်းစားဖို့ရှိသေးတယ်ဆရာ"

"ဟာ ... ဒါတွေ ငါ မစဉ်းစားဘဲရှိမလား။ စဉ်းစားတာပေါ့ကွာ။ သိန်းဆွေဟာ အရောင်းအဝယ်ကိစ္စတွေနဲ့ပတ်သက်ပြီး နွဲ့နွဲ့ရီတို့လို အထက်တန်းစားအိမ်တွေမှာ အမြဲဝင်ထွက်သွားလာနေတဲ့လူလည်း ဖြစ်တယ်။ သူ အပြင်မှာ ရှုပ်ပွေနေတာကိုလည်း ဟိုအထက်တန်းစားတွေက လိုက်ပြီး မြင်ရ သိရတာမဟုတ်တော့ အရင်ကလိုပဲ ရိုးသားတဲ့လူကောင်းတစ်

mgyoe.com

mgyoe.com

ယောက်အနေနဲ့ လက်ခံပြီး စကားပြောကြမယ်။ နို့ပြီးတော့ အဲဒီညက ထားဝယ်ပြန်ဖို့ရာ ကားကြုံမရှိတာနဲ့ တစ်ည တည်းခိုနေမယ့်သဘောနဲ့ လာတယ်ဆို မဟုတ်လား။ ဒီတော့ နွဲ့နွဲ့ရီကလည်း ခေတ်မီတဲ့ အထက်တန်းစား အိမ်ရှင်မပီပီ အနည်းအကျဉ်းထိုင်ပြုပြီး စကားပြောမှာပေါ့။ ဒီလိုပြောတယ်ဆိုရင်ပဲ ဟိုအကောင်က အကြံသမားဆိုတော့ နွဲ့နွဲ့ရီ ရုတ်တရက် ထမသွားသာအောင် စကားတွေ အရှည်အကြာကြီး ပြောနေမှာပေါ့။ အဲဒီလိုပြောရင်းဆိုရင်းထဲကမှ သူ့အလိုဆန္ဒကို စကားထဲက ဇာတိပြလာတော့ ဟိုကလည်း ထိပ်ချမှ ဓားပြမှန်းသိပြီး တစ်ခါတည်း ရှက်ရှက်နဲ့ ပိတ်ဆော်လွှတ်လိုက်တာ ဖြစ်ရမယ်။ မဟုတ်ဘူးလားကွ ထွန်းဦးရ"

"ဟုတ်ကဲ့ ... ဆရာပြောတဲ့အတိုင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမဟုတ်ဘဲနဲ့ နွဲ့နွဲ့ရီနဲ့ သိန်းဆွေနဲ့ တစ်မျိုးတစ်မည် အဆက်အသွယ်ရှိနေရင် ဆရာ့တွေးလုံးတွေရော ဒီတွေးလုံးအတိုင်း ရုံးမှာ ဆင်ခြေပေးမယ့် လျှောက်လဲချက်တွေရော အလကား ရော်မသွားပေဘူးလားဆရာ"

"မဖြစ်နိုင်ပါဘူး ငါ့လူရာ။ မောင်မောင်မြင့်ဟာ အင်မတန်ချစ်တဲ့ ငါ့သူငယ်ချင်းပါ။ သူ့မိန်းမကလေးကို အင်မတန်မှ ချစ်ပြီး အရေးပေးခဲ့တယ်။ မိဘချင်းလည်း သစ္စာရှိ၊ လူငယ်ချင်းလည်း မေတ္တာရှိ၊ နှစ်ယောက်လုံး မိဘတွေပစ်သွားကြပြီး နွဲ့နွဲ့ရီ ကျောင်းနေစဉ်ကတည်းက သူက အစ်ကိုကြီးလို၊ အဖေလို အစစအရာရာ စောင့်ရှောက်ထိန်းသိမ်းလာခဲ့ရတာ။ နွဲ့နွဲ့ရီကလည်း အဖေလို၊ အစ်ကိုလိုတစ်မျိုး၊ လင်လိုတစ်မျိုး အမျိုးမျိုး အဘက်ဘက်က ခင်မင်အားကိုးလာတဲ့ မယားကလေးပါ။ လင်ပေါ်မှာဆိုလည်း သူ့လောက် သစ္စာရှိတဲ့မယား မရှိသလောက်ပါပဲ။ ဒါတွေ ငါ အကုန်သိပါတယ် တပည့်ရယ်။ နွဲ့နွဲ့ရီအပေါ်မှာ ဘာမှ အထင်သေးစရာ မရှိပါဘူး"

"ပြောကြသေးတာပေါ့ ဆရာ။ ဟောဒီစာကလေးကိုလည်း တဆိတ်လောက် ဖတ်ကြည့်စမ်းပါဦး။ ဒီစာကိုဖတ်ပြီးရင် ဆရာ့ထင်မြင်ချက်တွေ

mgyoe.com

mgyoe.com
တစ်မျိုးတစ်မည်ဖြစ်ကုန်ပါလိမ့်မယ်”

ထွန်းဦးသည် သူ၏အင်္ကျီအိတ်ထဲမှာ ကျစ်လျစ်စွာ ထည့်ထားသော စာရွက်ခေါက်ကလေးတစ်ခုကို ကိုတိုးမောင်သို့ ထုတ်ပေးလိုက်လေ၏။ ကိုတိုးမောင်သည် စိတ်မဝင်စားလှသော အမူအရာဖြင့် ထွန်းဦး ကမ်းပေးလိုက်သော စာရွက်ခေါက်ကလေးကို ဖြန့်ကာ ဖတ်လေ၏။ ထွန်းဦးသည် မိမိဆရာ ကိုတိုးမောင်၏မျက်နှာကို စိတ်အားထက်သန်စွာ အကဲခတ်လျက်ရှိလေရာ ကိုတိုးမောင်မှာ စာကိုဖတ်ပြီးနောက် မျက်နှာတွင် သွေးရောင်များသန်းပြီး နီမြန်းသွားပြီးမှ တစ်ခဏနှင့်ပြန်၍ ပြေပျောက်ဘိအလား။ များစွာအရေးမကြီးလှသည့်အနေဖြင့် စာရွက်ကို ကိုင်လျက် တစ်ချက်မျှ ပြုံးလိုက်ရင်း ...

“ဟင်း ... ဟင်း၊ ဒီလက်ရေးဟာ သူဌေးကတော် နွဲ့နွဲ့ရီလက်ရေးမှ မဟုတ်ဘဲ။ ဘာစိုးရိမ်စရာရှိသလဲကွ ထွန်းဦးရ” ဟုပြောလျှင် ထွန်းဦးကလည်း ပြုံးစိစိမျက်နှာနှင့်ပင်

“ဟဲ ဟဲ ... ဆရာ အမိန့်ရှိတာ မှန်ပါတယ်။ ဒီစာဟာ နွဲ့နွဲ့ရီ ရေးတာမဟုတ်ပါဘူး၊ နွဲ့နွဲ့ရီရေးတဲ့စာကို တစ်ဆင့် ကူးယူလာတဲ့ ကော်ပီပါ ဆရာ”

“ဟင် ... ဘာ ... ဘာပြောတယ်”

“ဒီစာက နွဲ့နွဲ့ရီရေးတဲ့စာကို တစ်ဆင့်ကူးလာတဲ့ ကော်ပီပါလို့ ပြောပါတယ်”

“နွဲ့နွဲ့ရီစာအစစ်က ဘယ်သူ့ဆီမှာလဲ”

“မောင်သိန်းဆွေရဲ့မယား ရွှေသွားမယ်တင့်လက်ထဲမှာ ရှိပါတယ်”

“ရွှေသွားမယ်တင့် ... ဟား ... ဟား .. ဒါဟာ ညာတာပဲ။ မဖြစ်နိုင်ဘူး။ ရွှေသွားမယ်တင့်တို့ အရှုပ်ဂိုဏ်းထဲက စားပေါက်ထွင်တာ ဖြစ်မှာပဲ”

“ဆရာ ဒီလိုထင်ရင် မှားမှာပဲ။ နွဲ့နွဲ့ရီ လက်ရေးနဲ့စာကို ကျွန်တော်

mgyoe.com

mgyoe.com
ကိုယ်တိုင် ဖတ်ခဲ့ရပါတယ်။ အဟုတ်ပါပဲ။ အဲဟိုညက မောင်သိန်းဆွေ လာဖို့ သူကိုယ်တိုင် စာနဲ့ရေးခေါ်တာအမှန်။ သူ့လက်ရေးလည်း အစစ်"

"ဖြစ်နိုင်ပါ့မလားကွာ ...၊ နွဲ့နွဲ့ရီဟာ ဒီလို လော်လော်မာမာ မလုပ်ဘူးထင်တာပဲ"

"လျှပ်ပေါ်လော်လီလို့လား၊ တခြားအကြောင်းကိစ္စလားတော့ မသိနိုင်ဘူးပေါ့ခင်ဗျာ။ စာရေးမှာတာကတော့ အမှန်ပါပဲ။ ဒီစာထဲက အတိုင်းပဲလေ။ ဆရာလည်း ဖတ်ရပြီမဟုတ်လား။ လိုရင်းအချုပ်ကတော့ မောင်သိန်းဆွေကို နွဲ့နွဲ့ရီလက်ရေးအစစ်နဲ့ စာရေးခေါ်တဲ့ စာအရ အမှုမှာ အတော်အရေးကြီးလာလိမ့်မယ်"

"အေး ... အဲဒီလို အရေးကြီးလာအောင် ရွှေသွားမယ်တင့်က ငွေညှဉ်းပေါက် ဆင်တာလားမှ မသိတာ"

"ငွေရပေါက် ဆင်တာတော့ အမှန်ပဲ ဆရာ။ ဒီစာကို ရုံးတင်ပြလိုက်လျှင် နွဲ့နွဲ့ရီအတွက် ဘယ်လောက်အပြစ်လေးလာမယ်ဆိုတာ သိနိုင်တယ်။ ဒီတော့ သူတို့သဘောက သေတဲ့လူလည်း သေပြီဥစ္စာ မထူးတော့ဘူး။ နွဲ့နွဲ့ရီအတွက်သာ ဒီစာရှိနေတဲ့အတွက် အပြစ်လည်းခံရ၊ လူကြီးလူကောင်းသားမယားဆိုပြီး အရှက်တကွဲနဲ့ လူကြားမကောင်းလည်း ဖြစ်ရဦးမယ်။ ဒါကြောင့် နွဲ့နွဲ့ရီရဲ့ ဂုဏ်သရေကို ညှာတာတဲ့သဘောနဲ့ ဒီစာကို ရောင်းပါမယ်ဆိုတာ ကြားပွဲစားတစ်ယောက်က ကျွန်တော့်ဆီလာပြီး စကားကမ်းလှမ်းနေတဲ့အတွက် ဆရာ့ကို ပြောရခြင်းပါ"

"ဟင် ... မင်းက လူလည်ပေါ့လေ။ မင်းကလေးဟာ တော်တော်စပ်စပ်စုစု ရှိနေပါကလား။ မင်းနဲ့ ရွှေသွားမယ်တင့်တို့ဘက်ကဟာတွေနဲ့ အဆက်အသွယ်ရှိနေတယ်ပေါ့လေ"

"ဒီလိုလည်း မဟုတ်ပါဘူးဆရာ။ ဒါပေတဲ့ ကျွန်တော်က ထားဝယ်ဇာတိ၊ ထားဝယ်သားအစစ်ဆိုတော့ ထားဝယ်သားအချင်းချင်းဆိုရင် လူကောင်းရော၊ လူဆိုးရော၊ ကြမ်းပိုးရော၊ သူခိုးရောဆိုသလို လူပေါင်းစုံအောင်
mgyoe.com